## ပုဇွန်စာ

Scientific name - *Alternanthera sessilis* (L.) R. Br. ex DC

Common name - Sessile joyweed

Family - Amaranthaceae






အပင်ပုံသဏ္ဌာန်

တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ခံပင်ပျော့ဖြစ်ပြီး မြေတွင်ကပ်ပေါက်သည် သို့မဟုတ် အနည်းငယ်ထောင်မတ်၍ ပေါက်သည်။ ပင်စည်မှ ကိုင်းများစွာ ဖြာထွက်ပြီး ၀.၂ - ၁ မီတာ ရှည်သည်။ တစ်ခါတစ်ရံ မြေနှင့်ထိကပ်နေသည့်ကိုင်းများမှ အမြစ်ထွက်သည်။ အရွက်သည် ရွက်ဆိုင်ထွက်သည်။ အရွက်ပုံစံမျိုးစုံရှိပြီး ကျယ်ပြန့်သော လုံသွားပုံ သို့မဟုတ် သေးသွယ်သည်။ ပန်းခိုင်သည် ကြားထွက်ဖြစ်ပြီး အဖြူရောင်ပန်းပွင့်များစွာဖြင့် ပြွတ်သိပ်စွာဖွဲ့စည်းထားသည်။ စပါးခွံသဏ္ဌာန် ပွင့်ချပ်ပါသည်။ အစေ့သည် အညိုရင့်ရောင်မှ အနက်ရောင်ရှိပြီး အဝိုင်းပြားပုံဖြစ်ကာ တောက်ပသည်။ အစေ့အားဖြင့်လည်းကောင်း မြေနှင့်ထိကပ်နေသည့် ပင်စည်အားဖြင့်လည်းကောင်းမျိုးပွားသည်။